[صحيح] [صحيح مسلم]

ထိုသူ့အား ချစ်ခင်နှစ်သက်လော့။ ထိုအခါ ကောင်းကင်တမန်များ၏ ခေါင်းဆောင်
ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)သည် ထိုသူအား ချစ်ခင်နှစ်သက်လေ၏။ ထို့နောက်
ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)သည် ကောင်းကင်တမန်များတွင် ကြွေးကြော်လိုက်သည်မှာ -
ဧကန်အမှန် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မည်သူမည်ဝါအား
ချစ်ခင်နှစ်သက်တော်မူ၏။ သို့ဖြစ်၍ အသင်တို့သည်လည်း ထိုသူအား ချစ်ခင်နှစ်သက်ကြလော့။"
ထိုအခါ ကောင်းကင်တမန်များအားလုံးသည် ထိုသူအား ချစ်ခင်နှစ်သက်ကြကုန်၏။ ထို့နောက်
မုအ်မင်န်ယုံကြည်သူတို့၏ နှလုံးသားများတွင် ထိုသူအား ချစ်ခင်နှစ်သက်ခြင်း၊
သဘောကျခြင်းနှင့် ကျေနပ်ခြင်းတို့ဖြင့် လက်ခံမှုရရှိစေရန်
ပြုလုပ်သတ်မှတ်ပေးတော်မူခြင်း ခံရလေသည်။ အလ္လာဟ်အရှင်မြတ်သည် ကျေးကျွန်တစ်ဦးအား
မုန်းတီးတော်မူသောအခါ ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)အား ခေါ်၍မိန့်ကြားတော်မူသည်မှာ -
ဧကန်မုချ ငါအရှင်မြတ်သည် မည်သူမည်ဝါအား မုန်းတီးတော်မူ၏။ သို့ဖြစ်၍ အသင်သည်လည်း
ထိုသူ့အား မုန်းတီးလော့။" ထိုအခါ ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)သည် ထိုသူအား
မုန်းတီးလေသည်။ ထို့နောက် ဂျိဗ်ရီလ်(အလိုင်ဟိစ္စလာမ်)သည် ကောင်းကင်တမန်များတွင်
ဟစ်ခေါ်ကြွေးကြော်လိုက်သည်မှာ - ဧကန်အမှန် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော
အရှင်မြတ်သည် မည်သူမည်ဝါအား မုန်းတီးတော်မူ၏။ သို့ဖြစ်၍ အသင်တို့သည် ထိုသူအား
မုန်းတီးကြလော့။" ထိုအခါ ကောင်းကင်တမန်များအားလုံးသည် ထိုသူ့အား
မုန်းတီးကြကုန်၏။ထို့နောက် မုအ်မင်န်ယုံကြည်သူတို့၏ နှလုံးသားများတွင် ထိုသူအား
မုန်းတီးခြင်းနှင့် စက်ဆုပ်ရွံရှာခြင်းတို့ ရရှိစေရန်
ပြုလုပ်သတ်မှတ်ပေးတော်မူခြင်း ခံရလေသည်။
https://www.sunnah.global/hadeeth/my/show/6458